အင်းလျား စာပေ



မိုးမိုး (အင်းလျား)

# ပန်းရိုင်းတစ်ရာ

(ဒုတိယအကြိမ်)

# ပန်းရိုင်းတစ်ရာ
## မိုးမိုး (အင်းလျား)
## ၁

ရေကို ကမန်းကတန်း ချိုးလိုက်ရ၏။ လေးနာရီ ထိုးခါနီးပြီ။ ညနေပိုင်းသည် ပို၍အရေး ကြီးလေသည်။ ဒါကို အေးအေးဦးတို့အားလုံး နားလည်ကြသည်။ သုံးနာရီကျော်မှ မထင်မှတ်ပဲ ဧည့်သည်တွေ ကျလာသဖြင့် ပြင်ချိန်ဆင်ချိန် နောက်ကျသွားရလေသည်။ ကလေးဆန်သော သက်သက်ကတော့ ဧည့်သည်တွေရှေ့မှာ ပြုံးနေသော်လည်း နောက်ဖေးရောက်သည်နှင့် မျက်နှာကို ရှုံ့မဲ့ပြသည်။ "အလကား အချဉ်တွေ" ဟုလည်း မကြားတကြား ပြောသွားသည်။ အေးအေးဦးကတော့ ထိုသို့ ပြုမူပြောဆိုသည်ကို မကြိုက်။ "ဒါ ကိုယ့်အလုပ်ပဲ" ဟု ဆုံးမနေမိသည်။ သို့သော် သက်သက်သည် သူ၏ လက်အောက်ငယ်သား မဟုတ်ပေ။ ပြောစရာရှိလျှင် ဦးလေးတို့ အန်တီကြည်တို့ကသာ ပြောပေလိမ့်မည်။

"လိုင်နာပုလင်း လှမ်းလိုက်စမ်းပါ မညိုရယ်"

အေးအေးဦးက ဘရာစီယာမချွတ်ဘဲ အပေါ်မှထပ်၍ ရင်လျားထားသော လုံချည် အထက်ဆင့်ပိုင်းကို မသိမသာ မ,တင်ရင်း မညိုဘက်လှည့်ကာ ပြောလိုက်သည်။ လိုက်ကာကိုလည်း လုံအောင်ဆွဲစေ့လိုက်၏။ နောက်ဖေးက အောင်မောင်းက လေချွန်ရင်း အခန်းရှေ့မှ ဖြတ်သွားသည်။

အောင်မောင်း၏ အရပ်ကပုသဖြင့် သူ့ဆံရှည် ကုပ်ထောက်ကို မေးစေ့အောက်နားက လှစ်ခနဲ မြင်လိုက်ရလေသည်။

မညိုက လိုင်နာပုလင်းကို အေးအေးဦးလက်သို့ လှမ်းပေးပြီး စားပွဲပေါ်မှ ကရင်ပတ်ဖ်ဘူးကို ရှေ့သို့ရွှေ့ကာ ဆံပင်ကိုပြန်ဖြီးနေ၏။ မညို၏ဆံပင်များက နဖူးပေါ်မှာ တစ်ဖက်တစ်ချက် ဝဲကျနေသည်။ သူတို့ထဲမှာမညိုသည် အသက်အငယ်ဆုံး ဖြစ်၏။ အေးလည်း အအေးဆုံး ဖြစ်သည်။အရယ် အပြီးလည်း နည်း၏။ သို့သော် ပြုံးလိုက်လျှင်လည်း သူ့မျက်လုံးများက စွဲမက်စရာကောင်းသည်။ နှုတ်ခမ်းပါး လေးများကလည်း ချစ်ခင်နှစ်လိုဖွယ်ရာ ဆိုင်ကို တစ်ပတ်တစ်ခါလောက် မှန်မှန်လာနေကျ ဖြစ်သော မော်လမြိုင်အုပ်စုဆိုလျှင် မညိုမှ မညို။

အေးအေးဦးသည် သူ့လက်ထဲက မှန်ဝိုင်းလေးကို မီးရောင်ဘက်လှည့်ကာ မျက်နှာကို မြင်သာအောင် ထောင်ကြည့်သည်။ မျက်ခွံများကိုမှေးစင်းကာ လိုင်နာကို အကြမ်းတစ်ထပ် ဆွဲသည်။ ပြီးတော့ ညှိသည်။ နောက်တစ်ဖက်ဆွဲသည်။ မခြောက်ခင် အခြားနေရာများကို မပေစေရန် မျက်စိကို ခေတ္တမှိတ်ထားရသည်။ သက်သက် ဝင်လာသံကြားရ၏။ ကန့်လန့်ကာကို ပရမ်းပတာဟခဲ့ပြီကို မျက်စိဖွင့်မကြည့်ဘဲ သိလိုက်သည်။

"ကန့်လန့်ကာ ပြန်စေ့လိုက်ပါ မညို"

အေးအေးဦးက မျက်စိမှိတ်လျက်ပင် ပြော၏။

"အမယ်လေးနော် ဘယ်သူမှ လာချောင်းမကြည့်ပါဘူး၊ ကိုမျက်မှန်က ရှစ်နာရီခွဲမှ ရောက်မှာ"

သက်သက်၏ အပြောကို မကြိုက်လှသော်လည်း အသာငြိမ်နေလိုက်ရသည်။ သက်သက်အတွက် မကြာခဏ စိတ်အနှောင့်အယှက် ဖြစ်ရသည်။ တစ်ခါတစ်ရံ စကား ကတောက်ကဆ ဖြစ်ရသည်။ သို့သော် ရန်မဖြစ်ချင်။

ရန်ဖြစ်သည်ကို အန်တီကြည်ကလည်း မကြိုက်။ ထို့ကြောင့် အမြဲတမ်း အလျှော့ပေးရ၏။ အိမ်မှာဆိုလျှင်တော့ အေးအေးဦးသည် သူ့ထက်အကြီး

မေမေဦး ကိုသော်လည်းကောင်း၊ အငယ် အတူးကို သော်လည်းကောင်း မည်သည့်အခါမျှ အလျှော့မပေးတတ်ပေ။ သို့သော် အိမ်မှာက ညီအစ်မ အချင်းချင်း ဖြစ်၍ သည်မှာက ဘဝတူအချင်းချင်း ဖြစ်၏။ ပြီးတော့ သက်သက်သည် သူ့လို အရာရာကို အလေးအနက် စဉ်းစားနေတတ်သူ လည်း မဟုတ်ပေ။ မည်သည့်စကားမဆို ပြောပြီး ပြီးရောသာဖြစ်၏။

မျက်တောင်ကို တစ်ချက် နှစ်ချက် ခတ်ကြည့်ပြီး စိတ်ချရမှ ပြန်ဖွင့်လိုက်သည်။ သက်သက်သည် အင်္ကျီလဲလျက်ရှိ၏။ အခန်းထောင့်မှာ ကပ်၍ ကျော ပေးထားသော သက်သက်၏ ကိုယ်အပေါ်ပိုင်းကို မြင်ရသည်။ ဆူဖြိုးခြင်း ကင်းမဲ့သော ကုပ်နှင့် လက်မောင်းများသည် အခြားနေရာထက်ပို၍ ညို လျက်ရှိသည်။ သက်သက်က ဘလောက်အင်္ကျီအဖြူကို စွပ်ချလိုက်သည်။ ပွ သွားသော ဆံပင်များကို လက်ဖြင့် သပ်ချလိုက်၏။ မျက်နှာကို တို့ဖတ်ဖြင့် တစ်ချက်နှစ်ချက် ပုတ်ရိုက်သည်။ နှုတ်ခမ်းနီကို အောက်နှုတ်ခမ်းပေါ် တင် ပြီး အပေါ်နှုတ်ခမ်းဖြင့်ဖိ၏။ မှန်ကို တစ်ချက် ပြန်ကြည့်ပြီး ထဘီပြင်ဝတ် ကာ ပြန်ထွက်သွားသည်။ သူအလုပြင်တာ ဆယ်မိနစ်ပင်မကြာ။

သက်သက်နောက်က မညိုပါ ထွက်လိုက်သွားသည်။ အေးအေးဦးသည် အနွဲ့ကို စောင့်နေ၏။ ဆိုင်ရှေ့မှာ အနွဲ့ တစ်ယောက်တည်း ကျန်ခဲ့သည်ကို သိသည်။ အနွဲ့ကို သူ ပြောစရာရှိသည်။

သူအင်္ကျီလဲပြီးမှ အနွဲ့က အခန်းထဲဝင်လာသည်။

"ဒီနေ့ ကိုးနာရီ ထိုးထိုးချင်း ပြန်မယ်နော် အနွဲ့၊ အမေ လာကြိုမှာ"

အနွဲ့သည် ပင်ပန်းနွမ်းနယ်လျက် ရှိ၏။ မြင့်မားနွဲ့နှောင်းသော သူ့ ခန္ဓာကိုယ်သည် လေယူရာ တိမ်းတော့မည်သို့ ရှိနေသည်။ နဖူးနှင့် နှာခေါင်း တစ်ဝိုက်တွင် ချွေးပေါက်ကလေးများ ပွင့်လျက်ရှိသည်။ ဆံပင်ရှည်များကို ဖြန့်ချထားသဖြင့် ကုပ်အိုက်လာပုံရသည်။ နောက်သို့ စုပြီးသိမ်းကာ ခေါင်း

ပေါ်မှာ ဆံညှပ်ဖြင့် ဖိလိုက်၏။

"အင်းပါ၊ တို့လည်း တစ်ခါတည်းလိုက်မှာ"

"ဟိုလူတွေ ဂျီကျနေလည်း အားနာမနေနဲ့နော်၊ တော်ကြာ အနွဲ့က စကားပြောနေရင် သူတို့က စကားပြတ်မှာ မဟုတ်တော့ဘူး"

"မပြောပါဘူး၊ ကိုးနာရီ ဒေါင်ခနဲဆို ထွက်မယ်၊ ကျေနပ်ပလား"

"မကျေနပ်လို့ မဟုတ်ပါဘူးကွာ၊ အတူးက နက်ဖြန် စာမေးပွဲရှိတယ်၊ ကိုယ်ရောက်မှ သူစာကျက်မှာ"

"အင်းပါ"

အေးအေးဦးက ခေါင်းကို ဆတ်ခနဲညိတ်ပြကာ ဆိုင်ရှေ့သို့ ထွက်ခဲ့သည်။ သက်သက် စားပွဲတစ်ခုတွင် ညော့်သည် တစ်သိုက်နှင့် ပွဲကျနေ၏။ ဆိုင်ကို လာနေကျမဟုတ်။ ဗရုတ်သုတ်ခတွေ၊ ညော်် မိန်းကလေးစားပွဲထိုးတွေ ရှိတယ်ဆိုပြီး တမင်တကာ လာကြသူတွေကလည်း အများသား မဟုတ်လား။ မိန်းကလေးလည်း လူတွေပဲကွယ်။ ဘာဆန်းလို့လဲ။

အေးအေးဦး ထွက်သွားတော့ ထိုလူတွေက အေးအေးဦးကို လှမ်းကြည့်ကြသည်။

"ဟား မိတယ်နော်၊ ကဲ မင်းသူငယ်ချင်းကို ခေါ်စမ်းပါဦး"

သက်သက်က အေးအေးဦးကို လှည့်ကြည့်ကာ မျက်စိတစ်ဖက် မှိတ်ပြသည်။

"အေးအေးဦးရေ ခဏ"

သူတို့က အေးအေးဦးကို စကားပြောချင်၍ အကြောင်းရှာပြီး ခေါ်မှန်း သိပြီးသားပင်။ အေးအေးဦးသည် ခြေလှမ်းမှန်မှန်ဖြင့် လှမ်းလာခဲ့၏။ စားပွဲထိပ်မှာ ခပ်ကြော့ကြော့လေး ရပ်သည်။ လက်နှစ်ဖက်ကို စားပွဲစွန်းမှာ တင်

လိုက်သည်။

"သူ့နာမည်ကကော ဘယ်သူလဲ"

"အေးအေးဦးလေ"

သက်သက်ကပြောပြီး စားပွဲက ခွာသွားသည်။ အေးအေးဦးကိုလည်း "နေခဲ့ပေတော့" ဟူသော သဘောဖြင့် ခေါင်းလေးငဲ့ပြသွားသည်။ အေးအေးဦးက အသင့်အနေအထားဖြင့် ရပ်စောင့်နေလေသည်။

"အေးအေးဦးဆိုတာ နာမည်အရင်းလားဟင်"

စားပွဲဝိုင်းမှ ဆံပင်ကောက်ကောက် လူတစ်ယောက်က မေးလေသည်။ အသားက ဖြူသော်လည်း မျက်လုံးများက မှေးစင်း၏။ နှုတ်ခမ်းများပါးသဖြင့် ယောကျ်ားပီသသည်ဟု မထင်မိ။ စကားပြောတော့လည်း အသံသြဇာကမရှိ။ အပြင်လောကမှာသာ ဆိုလျှင်တော့ သည်လိုလူမျိုးကို စကား ပြန်ပြောစရာလိုမည်မထင်။

"နာမည်အရင်းပဲ... လိမ်မပြောပါဘူး"

အေးအေးဦးက ခပ်ပြုံးပြုံး ပြန်ပြောသည်။

"ရေခဲယူခဲ့ပါဦး"

"ရမယ်"

အေးအေးဦးက ရေခဲထည့်သည့် ပလတ်စတစ်ခွက်ကို မယူလိုက်၏။ စားပွဲစွန်းမှာ ထိုင်နေသော လူ၏ မျက်နှာရှေ့မှာ ကုန်းလိုက်ရသဖြင့် လက်မောင်းရင်းကို လာရောက်ထိခတ်သော အသက်ရှူငွေ့ကို သိလိုက်ရသည်။ အင်္ကျီလည်ဟိုက်ဆီကို စိုက်ကြည့်နေသော မျက်နှာချင်းဆိုင်မှလူ၏ မျက်လုံးများကို မသိဟန်ဆောင်ခဲ့ရသည်။ နောက်ဖေးကိုဝင်ပြီး ရေခဲယူရ၏။ ရှုပ်ထွေးပွေလီနေသော မီးဖိုခန်းထဲမှာ သိန်းမြင့်နှင့် ဒွေးဝင်းသည်

ချွေးတလုံးလုံးဖြင့် ချက်ပြုတ်နေကြလေသည်။ နောက်ဖေးကို ဟင်းဝင်ယူသော သူဇာသည် ဌေးဝင်း ခပ်ထည့်နေသော ဟင်းများထဲမှ တစ်တုံးနှိုက်စားလိုက်၏။ ဌေးဝင်းက လက်မအားသည့်ကြားမှ သူ့နောက်တင်ပါးကို လှမ်း၍ပုတ်လိုက်သည်။

"တော်တော် အစားပုတ်တယ်နော်"

"ပုတ်တော့ဘာဖြစ်လဲ"

"ဒါကြောင့် ဖက်တီးဖြစ်နေတာ"

"ဖြစ်ဖြစ်ပေ့ါ... သူ့အပူမဟုတ်ပါဘူး"

သူဇာ မျက်စောင်းထိုးကာ ပြန်ထွက်သွား၏။ အေးအေးဦးက ရေချိုးခန်းထဲမှာ ခွဲထားသော ရေခဲတုံးများကို ပလတ်စတစ်ခွက်ထဲ ထည့်ပြီး ပြန်ထွက်ခဲ့သည်။

ရေခဲခွက်ကို စားပွဲပေါ် ပြန်ချပေးလိုက်၏။

ဖန်ခွက်ထဲ ရေခဲကျသံများ၊ ပုလင်းထဲမှ ဆော်ဒါထည့်သံများ ပေါ်ထွက်လာသည်။

"အမြည်း ထပ်ယူဦးမလားဟင်"

"ငါးမုန့်ကြော်ရှိလား"

စောစောက မျက်စိမှေးမှေးနှင့် လူကပင် မေးလိုက်၏။

"ရှိပါတယ်"

"တစ်ပွဲလောက်၊ ပြီးတော့ ဆော်ဒါလည်း ထပ်ယူခဲ့ဦး"

နောက်ဖေးသို့ ဝင်ခဲ့ရပြန်သည်။ သူဇာသည် သူတာဝန် ယူထားသော စားပွဲမှာ အကျအန ဝင်ထိုင်နေလေသည်။ စားသောက်နေသူ တစ်ယောက်ဘေးမှာ ခပ်တည်တည် ဝင်ထိုင်နေသော သူဇာကို အမှတ်တမဲ့ကြည့်လျှင်

စားပွဲထိုးမိန်းကလေးဟု မည်သူကမျှ ထင်မည်မဟုတ်။ စုံတွဲ လာစား သောက်သူဟု ထင်ဖွယ်ရာရှိ၏။ သူဇာကလည်း ဟန်ပန်အမူအရာ ကောင်း လှသည်။ ဘေးကလူများနှင့် ရယ်မောပြောဆိုနေပုံမှာ အထင်မှားဖွယ်ပင် ဖြစ်သည်။

ဘယ်လောက်ပဲ ဟန်ဆောင်ကောင်းကောင်း ကျီးဟာ ကျီးပါပဲ။ဒေါင်းဟာ ဒေါင်းပါပဲ။ သည်လိုနေရာမျိုးကို တော်ရုံ မိန်းကလေးကလည်းလာတတ် တာမှ မဟုတ်ပါပဲ။ ယောကျ်ားလေးတွေ ကလည်း သူတို့မိန်းကလေးတွေကို ခေါ်မလာတတ်ချေ။ လွတ်လွတ်လပ်လပ် မနေရမပြောရမှာ စိုး၍ပဲလား၊ သူ တို့ မိန်းကလေးကို အထင်သေးခံရမှာ ကြောက်၍ပဲလားတော့ မသိ။

"ငါးမုန့်ကြော် တစ်ပွဲရှိတယ်နော်"

အေးအေးဦးက ပြောပြီး ချာခနဲပင် လှည့်ထွက်ဖို့ကြံသည်။ သိန်းမြင့်သည် ယောက်မများကို မွှေခပ်ရင်း၊ အေးအေးဦး၏ လက်မောင်းတစ်ဖက်ကို ထိ ခတ်သွားသည်။ နေရာကလည်း ကျဉ်းပေတာကိုး။ သူတို့ကို ရန်တွေ့နေလျှင် စကားကြော ပိုရှည်နေဦးမည်မို့ မသိဟန်ဆောင်ကာ ပြန်ထွက်ခဲ့၏။ သည် နေရာရောက်ပြီး သည်အလုပ်မျိုးလုပ်ကာမှ မသိကျိုးကျွန် ပြုတတ်သည့် အကျင့်က အလိုလိုရလာခဲ့ပြီ။ တစ်ခါတစ်ရံ တစ်လောကလုံးပင် လျစ်လျူရှု ပစ်ချင်၏။ အဲ… အထွန်းက လွဲရင်ပေ့ါ။

အရက်ပုလင်းမျိုးစုံ တင်ထားသော စင်ပေါ်မှ ဆော်ဒါပုလင်းနှစ်လုံးကို ယူ လိုက်၏။ အဖုံးကို ဖောက်တံဖြင့် ဖွင့်ပြီး အသာပြန်အုပ်ကာ ယူလာခဲ့သည်။ မလွတ်မကင်းမှန်း သိလျက်နှင့် လူတစ်ယောက်၏ ပခုံးဘေးမှ ကပ်ကာ ချ ပေးလိုက်၏။

"ထိုင်ပါဦး… မောသွားပြီနော်"

"ထိုင်ရဦးမည်လေ"

စားပွဲထိပ်က ကုလားထိုင်အလွတ်မှာ ဝင်ထိုင်လိုက်သည်။ ကိုယ်တာဝန်ကျရာ စားပွဲမှာ ဝင်ထိုင်ကာ စကားစမြည်ပြောရ၊ လိုအပ်သည်ကို ဖြည့်ဆည်းပေးရန် စောင့်ဆိုင်းရသည် မှာလည်း ဝတ္တရားတစ်ရပ်ပင် ဖြစ်၏။

အေးအေးဦးက မျက်နှာထားကို ရယ်လည်းမရယ်၊ တည်လည်း မတည် လွန်းစေပဲ ခပ်ပြုံးပြုံး ထားကာ ထိုင်နေသည်။ အားလုံးအတွက် သင့်တော် လျော်ကန်မည့် အပြုံးမျိုးကိုလည်း ပြုံးတတ်၍နေပြီ။

အစားအသောက်ကို ဣန္ဒြေမပျက် ဆက်စားသူက စားသည်။ မိန်းကလေး တစ်ယောက်ကို မမြင်ဖူးသလို အထူးအဆန်းသဖွယ် ကြည့်သူက ကြည့်သည်။ ကမ္ဘာပေါ်မှာ မိန်းမ များစွာ ရှိပါလျက် ဘာကြောင့် သည်မျှ အဆန်းတကြယ် ဖြစ်နေရသည်လည်းတော့ မသိ။ အရက်ကလေးက ဝမ်း ထဲကို ဝင်စပြုပြီဆိုတော့ မျက်လုံးတွေက ရီဝေစပြုလာသည်။ ထိုမျက်လုံး များထဲတွင် ရိုးသားမှုကို ရှာမတွေ့သည်ကတော့ အမှန်ပင်။

"ကဲ... ကိုယ့်ခွက်ထဲကို အရက်လေးနည်းနည်း ဖြည့်ပေးစမ်းပါဦး"

မျက်ပေါက် ကျဉ်းကျဉ်းနှင့်လူက လှမ်းပြောသည်။ သူနှင့် အေးအေးဦး၏ ကြားမှာ လူတစ်ယောက် ရှိနေ၍ သူက အားမလိုအားမရ ဖြစ်နေပုံရသည်။ နေရာမှ ထလာတော့မည့် ဟန်ဖြင့် မရိုးမရွဖြစ်နေသည်။ သူ့ဘေးက လူက သူ့အဖြစ်ကို သိသော်လည်း ဖယ်မပေး။ အရက်ထည့်ပေးဖို့ ပြောရင်း လက် တစ်ဖက်က မသိမသာ ရှေ့တိုးလာသည်။ အေးအေးဦးက စားပွဲပေါ်မှ သူ့ လက်ကို မသိမသာ နောက်သို့ရွှေ့ယူရင်း ခပ်ပြုံးပြုံး ပြန်ပြောရသည်။

"အရက်ထည့်ပေးခွင့် မရှိဘူးလေ အစ်ကိုရဲ့"

အစ်ကိုဟူသော စကားတစ်ခွန်းကို ပိုပိုသာသာထည့် ပြောလိုက်သည်။ ထို လူ မျက်နှာချိုသွားသည်။ ဟင်း အပြင်မှာသာ ဆိုရင်တော့ သည်လိုလူမျိုးကို

အစ်ကိုလို့ခေါ်ဖို့များ ဝေးပါသေးရဲ့။ အေးအေးဦး၏ စိတ်ထဲမှမနှစ်မြို့စိတ်ကို တံတွေးဖြင့်ရောပြီး မျိုချပစ်ရသည်။ ဒါကိုပင် မသိသားဆိုးဝါးသူက ဆက်ပြောနေသေးသည်။

"အို... ဟုတ်လား၊ အရက်ထည့်ပေးခွင့်မရှိရင် ရေထည့်ပေးလေ"

"ဟင့်အင်း... အရက်သောက်ဖို့ ရေလည်း ထည့်မပေးရဘူး၊ ရေချည်းပဲ သောက်ချင်ရင်တော့ ရမယ်"

"တခြားဟာကော ထည့်ပေးသေးလား"

မျက်လုံးမှေးစင်းနေသောလူက လှမ်းမေးပြန်သည်။

"ဟင်းချိုတွေ ဘာတွေတော့ ထည့်ပေးတာပေ့ါ"

"ဒီလိုဆို ငါးခေါင်းဟင်းချိုတစ်ခွက် ယူခဲ့စမ်းပါဦး"

အခြားတစ်ယောက်က ပြောသည်။

ဩော် မိန်းကလေးတစ်ယောက်က ဟင်းထည့်ပေးမယ် ဆိုတာနဲ့ပိုက်ဆံတွေ ထပ်ပြီး ထွက်လာဦးမှာပါကလား။ အဓိပ္ပာယ်မရှိတာကိုတွေးကာ ရယ်ချင်မိသော်လည်း ရယ်၍မဖြစ်။ မရယ်ချင်ပဲနှင့် ရယ်ရ၊ရယ်ချင်သော်လည်း မရယ်ရသောဘဝကို တွေးကာ နေရာမှထလာခဲ့ပြန်သည်။ စားပွဲတစ်ခုဆီမှ သက်သက်၏ ရယ်သံသဲ့သဲ့ကို ကြားရသည်။မညို သည် ခပ်ငယ်ငယ် ကောင်လေး နှစ်ယောက်ကြားမှာ သိုသိပ်စွာထိုင်နေသည်။ ကောင်လေး နှစ်ယောက်ကလည်း စကားသိပ်မပြော။ အချိုရည်သောက်ပြီး အစားနည်းနည်းသာ မှာစားသည်။ ဖီလင် တက်နေကြတယ်ထင်ပါရဲ့။

"ငါးခေါင်းဟင်းချိုတစ်ပွဲ"

"မအေးရယ် ချစ်လို့ပါကွယ်...

သိန်းမြင့်၏ သီချင်းဆိုသံသဲ့သဲ့ကို ကြားရသည်။

"ဟောဒီမှာ မအေးကိုချစ်လို့တဲ့"

ဌေးဝင်းက မြှောက်ပေးသည်။

"ဘာဖြစ်လဲ ငါ့ဟာငါ သီချင်းဆိုတာ"

"ချစ်ရင်လည်း လဲသေလိုက်ပေါ့"

အေးအေးဦး ပြန်ထွက်ခဲ့၏။ အခန်းလွတ်ထဲ ခဏဝင်ကာ မှန်ကို ကြည့်သည်။ မဆိုးပါဘူး။ အချိန် စောသေးတော့ ချွေးသိပ်မထွက်သေး။ လူလည်း သိပ်မများသေး။ ငါးနာရီ ခြောက်နာရီကျော်လျှင်တော့ အလွန်ပင်ပန်းတတ်သည်။

သူ အပြင်ရောက်တော့ စားပွဲမှာ ကုလားထိုင်နေရာ ရွှေ့ထားသည်ကို တွေ့ရသည်။ အရက်ကလေး ထွေစပြုပြီဆိုတော့ အတင့်ရဲလာသည့် သဘောပင်။ ကိုမျက်မှေးက အနီးဆုံး နေရာကို ယူထားလေသည်။

"ထမင်းကော ယူဦးမလားဟင်"

အေးအေးဦးက စားပွဲတွင် မထိုင်သေးပဲ မေးလိုက်သည်။

"မယူသေးပါဘူး... ခဏနားပါဦး"

မကြားချင်သောအသံကို ကြားရပြန်သည်။ အေးအေးဦး ထိုင်ရပြန်၏။ နံရံပေါ်မှာချိတ်ထားသော နာရီကို လှမ်းကြည့်မိသည်။ ဒီနေ့ အထွန်းများ လာဦးမည်လားမသိ။

"ညီမလေးက ဘယ်မှာနေလဲ"

"စမ်းချောင်းမှာ"

"ဘယ်လမ်းမှာလဲ"

"ပုသိမ်လမ်းမှာ၊ အိမ်နံပါတ်..."

စိတ်ပေါက်ပေါက်နှင့် တစ်ခါတည်း ပြောချလိုက်သည်။ ပြီးလျှင်လည်း အိမ်နံပါတ် ဘယ်လောက်လဲဟု မေးဦးမှာပဲ မဟုတ်လား။ သို့သော် ပေးတဲ့ လိပ်စာက အမှန်မဟုတ်ပါ။ ပါးစပ်ထဲ တွေ့ရာ ပြောလိုက်ခြင်းဖြစ်သည်။ သည်လူတွေကို နောက်နေ့ တွေ့စရာ အကြောင်းလည်းမရှိ။

"လာလည်လို့ရမလားဟင်"

ကိုမျက်မှေးကို အေးအေးဦးက ပြုံးပြလိုက်သည်။

"ဘယ်အချိန် လာလည်မှာလဲ၊ အေးအေးဦးတို့က ဒီမှာပဲ တစ်ချိန်လုံး ရှိနေတာ၊ မနက် ကိုးနာရီက ည ကိုးနာရီထိ"

"ခွင့်မယူဘူးလား"

"ဟင့်အင်း... မယူဘူး"

"ဒီလိုဆို ညဘက် လာလည်မယ်လေ"

ပြောရက်လိုက်တာ။ ညဥ့်နက်သန်းခေါင် ညွှန့်သည် လက်ခံတွေ့တဲ့ မိန်းကလေးများ မှတ်နေသလားမသိ။ ရီဝေ ယစ်မူးစပြုသော မျက်လုံးများကို ရှောင်လွှဲကာ ဟန်မပျက်ပင် ပြန်ပြောလိုက်သည်။

"အိမ်ကို ဆယ်နာရီလောက်မှ ပြန်ရောက်တာ၊ အိပ်ချင်ပြီပေါ့"

"အပြန်ကျတော့ လိုက်ပို့မယ်လေ"

"ဟင့်အင်း... အမေက လာကြိုမှာ"

အထင်သေးသော မျက်လုံးများ နည်းနည်းတော့ လျှော့ပါးသွားသည်။ သို့သော် ကိုမျက်မှေးက ဂရုမစိုက်သလိုဖြင့် ပြောသေးသည်။

"အမေ့ကိုပြောထားလေ၊ နောက်နေ့လာမကြိုနဲ့လို့"

နှုတ်ခမ်းကို စေ့ထားလိုက်ရသည်။

အရက်ကို တမြမြသောက်ရင်း အမြည်းများကို စိမ်ပြေနပြေ စားကြသည်။ ဇွန်းသံ ခက်ရင်းသံများ တချွင်ချွင် တခွပ်ခွပ် မြည်လာကြသည်။ နောက်ထပ် ဝမ်းပက်၊ ရေခဲယူလာပါဦး၊ ဆော်ဒါတစ်ပုလင်း၊ ငါးမုန့်ကြော် တစ်ပွဲ၊ ကြက်သွန်ချဉ်လေး နည်းနည်းဟူသော အသံတွေသည် အဆက်မပြတ် ညံစီလာ၏။

ရယ်မောသံတွေ ပိုမိုကျယ်လောင်လာသည်။ ထိကပါး ရိကပါးပြောဆို သံတွေ လျှံတက်လာသည်။ ဆိုင်ထဲသို့ လူတွေ တစ်ဖွဲ့ပြီးတစ်ဖွဲ့ ရောက်လာ၏။ အေးအေးဦး၏ စားပွဲမှလူများ ပြန်ရင် ဟန်ပြင်ကြသည်။

"ဘီလ်ယူခဲ့တော့"

အေးအေးဦးက ခပ်သွက်သွက် လှမ်းလာခဲ့သည်။ ကောင်တာစားပွဲမှ ကျသင့်ငွေပေါင်း စာရွက်ကိုယူပြီး ပြန်လာခဲ့၏။ ကိုမျက်မှေးက လှမ်းယူ သည်။ အေးအေးဦး၏ လက်များကို သိသိသာသာ ထိကိုင်သွားသည်။ မြန် မြန် ပြန်ကြပါစေတော့။

"ဒီဆိုင်က ဟင်းသာ မကောင်းတယ်... တော်တော် ဈေးကြီးသားပဲနော်'

"လူတွေက ကောင်းတာကိုးကွ"

"ကောင်းသာ ကောင်းတယ်၊ ရမှ မရတာ၊ ဘာလုပ်ရမှာလဲ"

စော်ကားသည့်စကားတွေကို နားထဲမှာ မထည့်တော့။ အချိန်တန်လျှင် ပြန်ကြမည့်သူတွေပဲ။

"ရော့ တစ်ရာ့ငါးဆယ်၊ ဒါက မင်းအတွက်"

ဆယ်တန်တစ်ရွက် ကမ်းလင့်လာသောလက်ကို တော်တော်နှင့်မယူဖြစ်။

"ယူပါ၊ မင်းအတွက် ထပ်ပေးတာ၊ ဘာလဲ နည်းလို့လား"

သူ့လက်ကိုကိုင်ကာ ဆတ်ခနဲ ထည့်ပေးလိုက်သဖြင့် ဆယ်တန်သည်

လက်ထဲသို့ ရောက်လာသည်။

ရင်ထဲမှာတော့ စူးရှရှဖြစ်နေ၏။

***

၂

"ကြုံဘူးပေါင်အေ၊ မိန်းကလေးစားပွဲထိုး လုပ်ချင်ရတယ်လို့၊ ဒီအလုပ်က ကောင်းတဲ့အလုပ် မဟုတ်ဘူးတဲ့၊ ဟိုတယ်မယ်ဆိုတာ ငါတို့ခေတ်ကတော့ ..

အဘွား၏အသံကို အမေက လျင်မြန်စွာ ဟန့်တားသည်။

"အမေကလဲ အမေတို့ခေတ်က ဟာတွေ မပြောပါနဲ့၊ ခု မိန်းကလေး တော်တော်များများ လုပ်နေကြတာပဲ၊ ဘာ မှမဖြစ်ပါဘူး၊ ပြီးတော့ သူ့ တစ်ယောက်တည်း ကွယ်ရာ လွှတ်ထားတာမှ မဟုတ်တာ၊ ဟိုမှာ ဝင်း အောင်လဲ ရှိသားပဲ"

"ဝင်းအောင်က ဘာအရေးလဲ၊ ယောကျ်ားလေး'

"ဟုတ်ပါတယ်၊ ဒါပေမဲ့ တစ်ဆိုင်ထဲလုပ်မှာကို ပြောတာ၊ အမေ့မြေးကို ဘယ်သူမှ မစော်ကားပါဘူးလို့"

"စော်ကားကား မကားကားအေ၊ သူများက မလေးမစား ဆက်ဆံမယ့် အလုပ်ကို"

"အမေတို့ကို တိုင်ပင်ရင် ဒီအတိုင်းချည်းပဲ ဖျက်လိုဖျက်ဆီး ပြောနေတာ၊ ဆယ်တန်း မအောင်ဘဲနဲ့ လခ တစ်ရာ့ငါးဆယ် ဘယ်မှာရမလဲ၊

ထမင်းလည်း အဝစားရဦးမယ်၊ ပြီး တော့ အမေတို့ပဲ မရှိရင် မရှိလို့ဆိုပြီး ညည်းနေ"

"ကိုယ့်မရှိတာနဲ့ပဲ ကိုယ့်သားသမီး မျက်ကွယ်ပြုရရောလားအေ"

"ဘယ်သူက မျက်ကွယ်ပြုလို့လဲ အမေရဲ့ ... မနက် လိုက်ပို့မယ်၊

ညနေ သွားကြိုမယ်၊ ဟိုမှာ တစ်နေ့လုံး ကိုယ့်မောင်ဘွားသားချင်းက အနားမှာ မားမားမတ်မတ်ရှိနေတာ"

"ဘာမှမဖြစ်ရင်တော့ ကောင်းပါလေရဲ့အေ"

အေးအေးဦး အလုပ်လုပ်ရေးသည် တစ်အိမ်လုံးမှာ ပြဿနာဖြစ်ရသည်။ အေးအေးဦးတွင် အဖေမရှိ။ အမေရယ် အဘွားရယ်ရှိသည်။ အစ်မနှင့် ညီမလေး ရှိသည်။ တစ်အိမ်လုံး မိန်းမသားတွေချည်းပင် ဖြစ်၏။ပတ်ဝန်းကျင်နှင့် ဆွေမျိုးများကို အားကိုး၍ နေရသည်။ အားကိုးသည်ဆိုရာမှာလည်း သာရေး နာရေးမျှသာ။ ငွေရေးကြေးရေး စီးပွားရေးကိုတော့ မိမိဘာသာ အသီးသီး ရုန်းကန်ရစမြဲပင် မဟုတ်ပါလား။

အစ်မမေမေဦးက မကြာမီကမှ ဘွဲ့ရကာ ရုံးတစ်ရုံးမှာ အထက်တန်းစာရေး ဝင်လုပ်၏။ ညီမလေး အတူး (မော်မော်ဦး)က ရှစ်တန်းဖြေမည့်ဆဲဆဲ။ အေးအေးဦးက ဆယ်တန်းကို နှစ်ခါကျ၍ ကျောင်းမှ ထွက်ထားရသည်။ အဘွားကိုတော့ ထည့်တွက်၍မဖြစ်။ အမေက အဖေဆုံးပြီးခါစမှာ မတောက် တခေါက် ဈေးရောင်း ရှာသေးသော်လည်း တွက်ခြေမကိုက်လှပေ။ ယခုတော့ အိမ်ရှေ့နားမှာပင် အဖီလေးချကာ ဇီးထုပ်၊ မရမ်းထုပ်လေးတွေ တင်ရောင်းရ၏။

အေးအေးဦးက အလုပ်လုပ်ချင်လှသည် ဆိုတော့ သူ့ ပညာအရည်အချင်းနှင့် သင့်တော်သည့် အလုပ်ကို ရှာမတွေ့။ အစ်ကိုဝမ်းကွဲ တော်စပ်သူ ဝင်းအောင်နှင့် စကားစပ်မိတော့ အရင်းအနှီး အကော်အကပ်မလိုဘဲ လခ ၁၅၀ ရမည့်အလုပ်ကို ပြောပြသည်။

"လခက တစ်ရာ့ငါးဆယ်ဆိုပေမဲ့ တစ်ပ်က ပိုရမှာ၊ သုံးလေးရာရတဲ့ အခါရ၊ ငါးရာ ခြောက်ရာ ရတဲ့အခါ ရတာ၊ ငါလည်းရှိသားပဲ၊ လုပ်ချင်လုပ်ပါ

လား"

တိုက်တိုက်တွန်းတွန်း မဟုတ်သော်လည်း သာသာထိုးထိုးလေး ပြောလာတော့ သူ့အလုပ်က မက်စရာဖြစ်နေသည်။ အစ်ကိုဝင်းအောင် ဆိုသည်မှာ အဖေ့တူအရင်းဖြစ်၍ မတော်မတရားတာကို ချောက်တွန်းမည့်သူ မဟုတ်။

"အမေ့ ပြောကြည့်ဦးမယ်"

"အဒေါ်ကိုတော့ ပြောပြထားပေါ့၊ မေမေဦးကိုတော့ မပြောနဲ့၊ နင့်အစ်မက ဘွဲ့လေးရတာနဲ့ ဟုတ်လှပြီ ထင်နေတာ၊ သူက ဒီအလုပ်ကို ကန့်ကွက်ချင် ကန့်ကွက်နေမှာ"

"အိုး ဘာလို့ ကန့်ကွက်ရမှာလဲ၊ သူကန့်ကွက်လည်း ဂရုမစိုက်ပါဘူး၊ ငါက မဟုတ်တာ လုပ်တာမှ မဟုတ်တာ၊ သူ့ လခကလည်း သူ့အဝတ်အစားဖိုး တောင် အနိုင်နိုင်ရယ်၊ ငါ အမေ့ကို ရအောင်ပြောမယ်၊ မရလည်း ဇွတ်လုပ် မယ်ဟာ"

"အေးလေ၊ ငါက နင့်စိတ်ကို သိပါတယ်၊ ဒါကြောင့်လည်း တိုက်တွန်းတာ၊ အလုပ်ရအောင်တော့ ငါ့သူဌေးကို ပြောပေးမယ်"

"ကျေးဇူးပဲဟယ်"

အံ့ဩစရာကောင်းသည်က မေမေဦးက ကန့်ကွက်ခြင်း မရှိသည့်ပြင် တိုက်တိုက်တွန်းတွန်းပင် ပြောလေသည်။

"အေးဟယ်၊ ငါတောင် လုပ်ချင်သေးတယ်"

မိန်းကလေးတွေရဲ့ အမြင်တွေ ပြောင်းလဲကုန်ပြီလား။ ကျယ်ပြန့်လာတာ လား၊ သေးသိမ် ကုန်တာလားတော့ မသိ။ အေးအေးဦးဘက်က တစ်မဲရ တော့ အမေ့ကို နားချရသည်။ အမေက အစကတော့ အင်တင်တင်။ နောက် တော့ လခ လခ အပြင် အပိုဝင်ငွေတွေကို အားကျလာသည်။

သို့သော် မိခင်ပီပီ စိုးရိမ်စကားတော့ ဆိုသေးသည်။

"ကိုယ့်ကိုယ်ကိုယ်တော့ ထိန်းသိမ်းကာကွယ်တတ်ဖို့ လိုတယ် သမီးရယ်"

"အမေကလည်း စိတ်ချပါ၊ ကျွန်မကို ဘယ်သူကများ ထိရဲလို့လဲ"

အေးအေးဦး အကြောင်းကိုတော့ အမေကလည်း သိသည်။ မေမေဦးတို့ အတူးတို့အတွက်သာ ဟိုလူက စလို့ ငိုလာရတာနှင့်၊ ဒီလူက စာလိုက်ပေးလို့ ပြဿနာဖြစ်ရတာနှင့် မကြာခဏ စိတ်မောရသည်။ အေးအေးဦးကတော့ စိတ်ချရသည်။ ပြဿနာကို ဘယ်တော့မျှ အိမ်ကို သယ်မလာတတ်။ သူ့ဘာသာသူ ရှင်းခဲ့သည်။ နှုတ်နှင့်တန်လျှင် နှုတ်နှင့်ရှင်း၏။ လက်နှင့်တန်လျှင် လက်နှင့်ရှင်း၏။ သူ့ကို တော်ရုံလူကလည်း မစရဲ။ သည်သတ္တိလေး အားကိုးနှင့်ပင် အမေက သူ့ကို ခွင့်ပြုလိုက်ရသည်။

မိမိ သားသမီးကို ဘယ်မိဘက အန္တရာယ်တောထဲကို လွှတ်ပ့ါမလဲ။ သို့သော် ငွေရဖို့အတွက် လှုပ်ရှား ရုန်းကန်နေကြသော လူတွေထဲတွင် အေးအေးဦးတို့လည်း ပါဝင်သည်ပင်။ အားလုံးသော လူတွေဟာ စားဝတ်နေရေးအတွက် တစ်ခုခုကိုတော့ လုပ်ကြရတာပဲ မဟုတ်လား။ အလုပ်ချင်း ကွာတာသာ ပြောစရာရှိသည်။ ဒါကလည်း တစ်လောကလုံးက လူတွေမှာ လုပ်စရာအလုပ်က တစ်ခုတည်းရှိတာမှ မဟုတ်တာ။

အေးအေးဦးက သူ့ကိုယ်သူ ယုံကြည်ချက်အပြည့်ဖြင့် အလုပ်ခွင်သို့ ဝင်ခဲ့၏။ အလုပ်ထဲမှာ ဘဝတူ မိန်းမငယ်များနှင့် ဆုံရလေသည်။ ထိုစဉ်က သူတို့သည် "ပန်းကမ္ဘာမှာ စုရုံးမိကြ၏။

မိန်းကလေးစားပွဲထိုးများကို ဇန်းပြကာ စီးပွားရှာသော ဆိုင်များထဲတွင် "ပန်းကမ္ဘာ"သည် ရှေ့ဆုံးမှပါခဲ့သည်။ ပန်းကမ္ဘာ၏ အဆင်အပြင်သည် ရှုချင့်စဖွယ်၊ ရင်ခုန်ဖွယ်။ အလုပ်ခွင်ဝင်၍ မကြာမြင့်မီမှာပင် သည်နေရာသည် နေသင့်နေအပ်သော အရပ်မဟုတ်ဟု အေးအေးဦး မြင်လာသည်။

ပန်းကမ္ဘာမှ မိန်းကလေးများသည် ပျူငှာလွန်း၏။ မပျူငှာ၍လည်း မဖြစ်။ မိမိတာဝန်ကျရာ စားပွဲမှ ဝင်ငွေ၏ အချိုးကျ ရာခိုင်နှုန်းကို ခံစားခွင့်ပေးထားသည်။ သည်တော့လည်း ငွေများများရအောင် ပျူရ ငှာရသည်။

"ဒီနေ့တော့ မစားသာဘူးဟေ့... တို့စားပွဲမှာ လူမကျဘူး၊ နီနီ တစ်ယောက်တည်း သိမ်းကျုံး ယူနေတော့တာပဲ"

အိမ်ကို စာရေးအလုပ်ရသည်ဟု ညာထားသော ဆွေဆွေမာသည် အမြဲတမ်း ညည်းညူ တတ်သည်။ သူတို့ထဲမှာ နီနီကို လိုက်မီသူမရှိ။ နီနီ၏ အပြုံးနှင့် ဆင်ယင်ခြယ်သမှုက သူတို့ထက် ရှေ့ကပြေးနေသည်။

"အားမကျပါနဲ့ ဆွေဆွေရယ်၊ ရသလောက်ပဲပေါ့"

အေးအေးဦးကတော့ မာနလေးကလည်း ရှိဆဲမို့၊ ငွေအတွက် မိမိအပြုံးကို အလွဲသုံးစားပြုပြီး၊ မိမိအလှကို အသုံးချရမှာ စိတ်က မကြည်မလင် ဖြစ်ခဲ့သည်။ ပြီးတော့ ခုမှ လောကထဲဝင်ခါစ။

နီနီ စားပွဲမှာ ဆံပင်ရှည်ရှည်တွေ၊ တိုက်ပုံတွေ၊ မျက်မှန်ကြီးတွေ၊ သားရေအိတ်နက်တွေ စုပြုံနေဖန်များလာတော့ ဆွေဆွေမာ မခံချိမခံသာ ဖြစ်လာသည်။ ပန်းကမ္ဘာ၏ သူဌေးကလည်း နီနီကို မြှောက်စားလာသည် ဆိုတော့ ဆွေဆွေမာ၏ မိန်းမလှမာနသည် ချိုးနှိမ်မရအောင် ဖြစ်လာတော့။

"အင်္ကျီလည်ပင်းလေး ဟိုက်ရုံ၊ မျက်တောင်လေး ပုတ်ခတ်ပုတ်ခတ် လုပ်ရုံ လောက်တော့ လူတိုင်း တတ်နိုင်ပါတယ် မမအေးရယ်၊ ဆွေဆွေ သွားတက် ပေါ်အောင် ပြုံးလိုက်ရင်လည်း ရတာပါပဲ၊ မယုံရင် မမအေး စောင့်ကြည့်"

ဆွေဆွေမာက တစ်ဖက်သတ် စစ်ကြေညာသည်။ နောက်တော့ ဆွေဆွေ မာတို့ စားပွဲမှာလည်း ယောကျ်ားတွေ သောသောညံအောင် စုရုံးတတ်လာ သည်။ ဖောက်သည် ဆွယ်တတ်သော အပြုံးသည် မည်မျှ တန်ဖိုးမဲ့သည်ကို

မတွေးအားတော့။ ငွေများများ ဆုပ်ကိုင်မိဖို့၊ ဝယ်ချင်တာ ဝယ်နိုင်ဖို့၊ ဝတ်ချင်တာ ဝတ်နိုင်ဖို့သာ အဓိက ဖြစ်၍လာ၏။ ဆွေဆွေမာသည် သူရသော ပိုက်ဆံတွေကို အားလုံးမြင်အောင် ယပ်ခတ်၍ ပြတတ်၏။

အေးအေးဦးက စိတ်ပျက် အားငယ်နေဆဲ ပြဿနာက ပေါ်ပေါက်လာသည်။

"မိန်းကလေး စားပွဲထိုးလုပ်နေပြီး မျက်နှာထားက တင်းလွန်းတယ်၊ သူ့ကိုယ်သူ ဘာများ မှတ်နေတယ်မသိ"

ယောက်ျားတွေ သဘောထား သေးသိမ်လာပြီဆိုလျှင် မိန်းမထက်ပင် နိမ့်ပါးတတ်သည်ကို တချို့ သိကြမည်ပင်။ မကြားဟန်ပြု၍ နေတတ်သော အေးအေးဦး၏ ပါးပြင်နားမှာ မလိုတမာသံများ မကြာခဏ ဖြတ်သန်းသွားကြလေ၏။

"ဟေ့ ဒီမှာ ကြက်သွန်ချဉ် မှာထားတာ ကြာပြီလေ၊ မကြားဘူးလား"

မျက်နှာထားတွေကို မကြိုက်၍ ခပ်ဖယ်ဖယ်နေကာမှ အထက်စီးနှင့် ခေါ်သံကြောင့် ပြန်လှည့်လာရသည်။ အလုပ်ခွင်မှာ အရေမထူသေးတော့ ရင်ထဲမှာလည်း ဒေါသက ထောင်းခနဲ ထသွား၏။

ကြက်သွန်ချဉ် ပန်းကန်ကို စားပွဲပေါ်မှာ အလိုက်သင့် ချပေးလိုက်သည့်တိုင် မျက်နှာထားက ပျော့ပျောင်းလာခြင်း မရှိ။ နီနီတို့ ဆွေဆွေမာတို့ စားပွဲဆီမှာ မူးယစ်ရယ်မောသံများ ကြားရတော့ ရင်ထဲကဝေဒနာက ပိုမိုကြီးထွားလာသည်။

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"ဘာလုပ်မလို့လဲ"

"သိချင်လို့ပေါ့"

"ကျွန်မနာမည် အေးအေးဦး၊ ကဲ... နောက်ထပ် ဘာသိချင်သေးလဲ"

"ရှင့်လှချည်လား... ထိုင်စမ်းပါဦး"

သူတို့ မျက်နှာပေးတွေက ခင်မင်နှစ်လိုဖွယ်ရာ အလျှင်းမရှိ။ သည်တုန်းက အလုပ်ဝတ္တရားပဲ ဟူသည့် သဘောထားမျိုးကိုလည်း ပြတ်သားစွာ ထားတတ်ခြင်း မရှိသေး။ ငယ်စိတ် ငယ်သွေးနှင့် ထားမြဲဖြစ်သော မာနလေးက ချိုးနှိမ်မရအောင် ခေါင်းပြူလာသည်။

"ရှင်တို့ ဘာလိုချင်လဲ... ကျွန်မ လုပ်ပေးမယ်... ထိုင်တော့ မထိုင်နိုင်ဘူး"

"လိုချင်တာ ရမှာလား"

သူတစ်ပါး အပြောအဆိုခံရခြင်းကို နာကြည်းစရာ အကောင်းဆုံးဟု ထင်မှတ်ဆဲမို့ ရင်ထဲမှာ ဇလောင်ဆူသွားသည်။

"ရှင် ဘာပြောတာလဲ"

"မင်းက တခြားမိန်းကလေးတွေနဲ့ကို မတူဘူး၊ ဈေး သိပ်ကိုင်တယ်၊ တို့က လည်း ဒါမျိုးမှ သဘောကျတယ်"

"ရှင် စကားကိုကြည့်ပြော"

"တို့က ဘာပြောလို့လဲ... မင်းပဲ လိုချင်တာ ရမယ်ဆို"

"ကျွန်မက အစားအသောက်ကို ပြောတာ"

"တို့ကလည်း အစားအသောက်ကို ပြောတာပါပဲ၊ မင်းက ဘာထင်လို့လဲ၊ တခြားဟာ ထင်ရင်လည်း ထင်တဲ့အတိုင်းပဲပေါ့ကွာ"

စားပွဲဝိုင်းမှလူများ၏ ဝါးခနဲ ရယ်မောလိုက်သံသည် အေးအေးဦး၏ နားထဲကိုသာမက ရင်ထဲ အသည်းထဲကိုပါ ဝင်ရောက် မြည်ဟည်းသွားသည်။

"ရှင်တို့ နမချင်း မစာနာဘူး၊ လူကောင်ကြီးပြီး အချိန်မစီးတဲ့လူတွေ၊ အလကားလူတွေ"

တစ်ဆိုင်လုံးရှိ မျက်လုံးများက သူတို့စားပွဲဆီသို့ ရောက်လာသည်။

အံ့အားသင့်သော အမူအရာများ၊ အပြစ်တင်သော မျက်လုံးများဖြင့် အေးအေးဦးကို ဝိုင်းကြည့်ကြသည်။ လောကကြီးက ပြောင်းပြန်ဖြစ်နေပြီလား။

"ဘာဖြစ်တာလဲ အေးအေးဦး"

ဆိုင်ရှင်ဦးလေးက ခပ်ထန်ထန်မေးသည်။ ကျန်လူများက အေးအေးဦး၏ ဆက်ဆံရေး မပြေပြစ်မှုကို တိုင်တန်းကြသည်။ ဘေးစားပွဲက စားသောက်သူတွေက အနှောင့်အယှက် ဖြစ်ဟန်ဖြင့် စိတ်မရှည်မှုကို ပြုကြသည်။

ဘဝတူ မိန်းကလေးများက အတွေ့အကြုံမရင့်ကျက်သူအဖြစ် အပြစ်မြင်စွာ ကြည့်သည်။

အေးအေးဦး၏ ပတ်ဝန်းကျင်မှာ အရာဝတ္ထုအားလုံးသည် ဖောက်ထိုးမိုးမျှော် ဖြစ်လာကြလေသည်။ ရယ်မောသံ၊ လှောင်ပြောင်သံ၊ အပြစ်တင် ရှုတ်ချသံများ ညံစီဆူဝေလာသလို ခံစားရသည်။ နေရာမှ အမြန်ဆုံးပြေးလွှား ထွက်ခွာလာခဲ့မိ၏။

"အေးအေးဦး... အေးအေးဦး"

သူ့လက်မောင်းကို တင်းတင်းဆုပ်ကိုင်ကာ တကြော်ကြော် ခေါ်နေသံကြားမှ မျက်လုံးများကို အားယူဖွင့်ကြည့်မိသည်။

"ဘယ်လိုဖြစ်ရတာလဲ အေးအေးဦးရယ်"

ဝင်းအောင်က သူ့လက်မောင်းကိုကိုင်ကာ စိုးရိမ်စွာ မေးသည်။

"မသိဘူး မသိဘူး"

"ဘာဖြစ်တာလဲ ပြောစမ်းပါဦး... ဘာလဲ နင့်ကို ဘာလုပ်လို့လဲ။ စော်ကားလား"

ဝင်းအောင်က မျက်နှာတွေ နီမြန်းလျက် ထပ်မေးသည်။ သူ့ပုံက တစ်ခုခု လုပ်တော့မည့်ပုံ။ သည်တော့ အေးအေးဦးက ခေါင်းကို သွက်သွက် ခါယမ်း ပြလိုက်ရသည်။

"မဟုတ်ဘူး မဟုတ်ဘူး... ဘာမှမဖြစ်ဘူး"

ဘာမျှမဖြစ်ဘူးဟု ဆိုသော်လည်း အေးအေးဦးမျက်လုံးမှာ မျက်ရည်တွေ ဝေ့လာသည်။

"ဒါဖြင့် ဘာဖြစ်တာလဲ"

ဝင်းအောင်သည် မီးဖိုချောင်တွင် ချက်ပြုတ် ကြော်လှော်နေရသူ ဖြစ်၍။ ဆိုင်ရှေ့ကပြဿနာကို မသိ။

"ဘာမှမဖြစ်ဘူး... လာစားတဲ့လူတွေနဲ့ ရန်ဖြစ်လို့"

အေးအေးဦးက မျက်ရည်စကို မျက်တောင်ဖြင့် ပုတ်ခတ်သွင်းရင်း ဖြေသည်။

"နင့်ကို ဘာလုပ်လို့လဲ"

"ဘာမှတော့မလုပ်ပါဘူး... ငါ့ကို မခံချင်အောင် ပြောလို့"

"နင်ကလည်း ဒီလောက်ပဲ အကဲပါရသလား၊ တော်ရုံဆိုလည်း သည်းခံ လိုက်ပေါ့ဟာ၊ အသားပဲ့ပါတာ မှတ်လို့၊ ငါက ဘာများဖြစ်လို့လဲလို့၊ ကိုယ့် အသား ထိရင်တော့ မခံနဲ့ပေါ့"

အလုပ်သဘောကို ဝင်းအောင်က ပြောနေပြန်သည်။ အေးအေးဦး စိတ်ညစ်သည့်ကြားထဲမှာ ဆွေဆွေမာနှင့် နီနီက ပိုက်ဆံရတာချင်း ပြိုင်ကြ တော့ အေးအေးဦး ပို၍စိတ်ဓာတ်ကျသည်။ သူတို့မှာ မိန်းကလေးရယ်လို့မှ မာန မရှိကြတော့ဘူးလား။

"နင်ကလည်း ဒီလောက်လေးနဲ့ နောက်ဆုတ်မသွားပါနဲ့၊ အဒေါ်ကိုလည်း

ပြန်မပြောနဲ့နော်၊ တော်ကြာ ငါပါ အဆူခံနေရမှာ၊ ကဲ နင့်အလုပ် နင်သွားလုပ်တော့"

ဆိုင်ရှေ့ပြန်ထွက်လာရသော်လည်း စိတ်က မပါတော့။

ပန်းကမ္ဘာ၏ သူဌေးကလည်း သူ့ကို မျက်စောင်းထိုးလျက် ရှိပြီ။ စားပွဲပေါ်မှ စားကြွင်းစားကျန် ပန်းကန် အပေအရေများကို သိမ်းဆည်းလိုက်ရသည်။ ရင်ထဲမှာတော့ မကောင်းလှပေ။

ထိုနေ့က တိတ်ဆိတ်စွာ အိမ်ကိုပြန်ခဲ့သည်။ နောက်နေ့မှာ နေမကောင်းဘူးဟု အကြောင်းပြကာ အလုပ်မဆင်းဘဲ နေသည်။ ညနေဘက်တွင် ဝင်းအောင် ရောက်လာ၏။

"နင့်အတွက် လခရှင်းပေးလိုက်တယ်၊ လာစရာမလိုတော့ဘူး ဆိုတဲ့ သဘောပေါ့ဟာ၊ ဒါပေမဲ့ နင်စိတ်မပျက်နဲ့၊ ငါ ချယ်ရီမြေမှာ သွင်းပေးမယ်။

မနက်ဖြန်လိုက်ခဲ့၊ ဟိုဆိုင်က ဒီဆိုင်လို မဟုတ်ဘူး၊ စည်းကမ်းလည်း ရှိတယ်၊ ဒီဆိုင်ကတော့ စီးပွားရေး ဆန်လွန်းပါတယ်ဟာ"

"ဟိုမှာဆို နင်လည်းမရှိ၊ ဖြစ်ပါ့မလား ဝင်းအောင်ရယ်"

"ဖြစ်ပါတယ်၊ ဟိုက စည်းကမ်း ကောင်းပါတယ်။ ပါးစပ်က ပြောတာ ဆိုတာလောက်တော့ သည်းခံပေါ့ဟာ၊ ဝက်ဖြစ်မှတော့ မစင်ကြောက်နေလို့ ဘယ်ဖြစ်မလဲ"

အေးအေးဦး ဘာမျှမပြောတော့။

ယခုတလော အိမ်မှာ ငွေစလေးရွှင်လို့ စားရေးသောက်ရေး ချောင်လည်ကာ ကြွေးမြီလေးလည်း ကင်းရှင်းခဲ့သည်။ အကို လုံချည်သစ်လေး ချုပ်ဖို့ စုထားတာပင် အတော်ရနေပြီ။

"အေးလေ...ငါလုပ်ကြည့်ဦးမယ်"

ဝင်းအောင် ပြန်သွားတော့ အမေက အဘွား မသိအောင် တိုးတိုး မေးလေသည်။

"ဘာပြဿနာဖြစ်လို့လဲ အေးဦး"

အေးအေးဦးက အမှန်အတိုင်း ပြောပြသည်။

"သမီး စိတ်ဆင်းရဲရင် မလုပ်နဲ့တော့လေ"

အမေက ကရုဏာသက်စွာ ပြောသေး၏။ သို့သော် ယခုတလော အမေ၏ ချူသံပါအောင် ညည်းညူသံတွေ လျော့ပါးသွားသည်ကို အေးအေးဦး သတိရသည်။

"စိတ်မဆင်းရဲပါဘူး အမေ၊ သမီးလုပ်မယ်၊ ကိုယ်ကောင်းရင် ခေါင်းဘယ်မှ မရှေ့ဘူး မဟုတ်လား အမေရဲ့"

အေးအေးဦး၏ နှုတ်ခမ်းများ တင်းတင်းစေ့နေကြသည်။ အမေကတော့ သက်ပြင်းကို တိုးတိတ်စွာချ၏။

***